
မိုးသားကျူးရင်
ထို့ကြောင့် ဝေးခဲ့သည်

## အပိုင်း(၁)

## "သမုဒယရိပ်မြုံ"

စံအိမ်ကြီး

ဒီနေ့ကား ... ဦးမိန့်တော်ဝင်နဲ့ ဒေါ်ခွန်းဆင့်သော်တာ တို့ ၏ သားဖြစ်သူ မိန့်ခွန်းဘုရင် အသက် ၁၈နှစ်မြောက် မွေးနေ့ပင် ဖြစ်သည် ။ နှစ်စဉ်နှစ်တိုင်း ကြီးကျယ် ခမ်းနားအောင် ကျင်းပပေးလေ့ ရှိသည် ။ ပါတီပွဲပြီးခါနီးပင် ... ဦးမိန့်တော်ဝင်သည် အလုပ်ကိစ္စ တစ်ခုကို အကြောင်းပြပြီး ချက်ချင်းပင် အိမ်မှ ထွက်သွားလေသည် ။

"သော် ... ကိုယ် အလုပ်တစ်ခုကြောင့် ကုမ္ပဏီကို ချက်ချင်း သွားရမယ်။ ပြီးတဲ့ အထိ မနေနိုင်တာ နားလည်ပေးပါနော်။ သား ... ဒီမှာ သားအတွက် မွေးနေ့လက်ဆောင် ... "

ဦးမိန့်တော်ဝင်က ဇနီးဖြစ်သူကို လျှင်မြန်စွာပြောပြီး သားဖြစ်သူ မိန့်ခွန်းဘုရင်ကို လက်ဆောင် ပေး လိုက်လေသည် ။ ဤသည် ကား ကား သော့ပင် ဖြစ်သည် ။

"Thankyou ဒယ်ဒီ ... ကျွန်တော် လိုချင်နေတာကြာပြီ"

"အင်းပါ ... သားရယ် သား လိုချင်မှန်းသိလို့ မရရအောင် ဝယ်လာတယ်။ အနက် ဆိုလို့ ဒီတစ်စီးပဲ ရှိတော့တယ်။ ကံကောင်းလို့ ပေါ့"

"ဒယ်ဒီ့ကို အရမ်းချစ်သွားပြီဗျာ"

"အင်းပါကွာ ... ဒယ်ဒီ သွားတော့မယ်"

သားဖြစ်သူနဲ့ ဇနီးဖြစ်သူကို လက်ပြနှုတ်ဆက်ပြီး အလောတကြီး ထွက်လာခဲ့မိသည် ။ ကားက ကုမ္ပဏီသို့ ဦးတည်လျက် မရှိဘဲ ခြံတစ်ခြံ ထဲသို့ ရောက်ရှိလာခဲ့သည် ။ သူ ကားရပ်လိုက်တာနဲ့ ချက်ချင်းပင် အသင့်စောင့်နေသည့် သားအမိ နှစ်ယောက်ကို တွေ့လိုက်ရသည် ။ သူလည်း ကားပေါ်ကနေ ဆင်းလိုက်ပြီး ချက်ချင်း ပွေ့ဖက်ထားလိုက်သည် ။

"မောင် နောက်ကျသွားတယ် နှောင်းရယ်။ သားလည်း ဖေဖေ့ကို စောင့်နေတာ ကြာရောပေါ့"

"ရပါတယ် မောင်ရယ်။ နှောင်း နားလည်ပါတယ်"

ခင်နှောင်းသွယ်က ခင်ပွန်းဖြစ်သူ ဦးမိန့်တော်ဝင်ကို ပြောလိုက်သည် ။

"ကျွန်တော်လည်း နားလည်ပါတယ် ဖေဖေ။ ကျွန်တော်တို့ သားအမိဆီကို မရရအောင် လာခဲ့ပေးလို့ ကျေးဇူးတင်နေပါပြီ"

"ခင်တို့ သားအမိ ကိုယ့်ကို နားလည်ပေးလို့ ကျေးဇူး အရမ်းတင်ပါတယ်။ သားရဲ့ ၁၆နှစ်မြောက် မွေးနေ့လည်း ဖြစ် ၁၀တန်းကို ဂုဏ်ထူး ၄ ဘာသာနဲ့ အောင်ခဲ့တဲ့ အထိမ်းအမှတ်အဖြစ် သားအတွက် ဖေဖေ့ ... လက်ဆောင်"

"ဘာလဲဟင် ... ဖေဖေ"

မင်းမိန့်သခင်က ဖခင်ဖြစ်သူကို မေးလိုက်သည် ။ နှစ်တိုင်း ဖခင်ဆီက တန်ဖိုးကြီးတဲ့ အရာတစ်ခု မဟုတ်တစ်ခု ရခဲ့သည် ။

"ကားသော့လေ ... "

"ဗျာ ... ဘယ်လို ဖေဖေ"

"မောင်ရယ် အဲဒီလောက် တန်ဖိုးကြီးတဲ့ အရာကို ခဏခဏ မပေးပါနဲ့ လို့ ပြောထားရက်နဲ့ "

"နှောင်း ကလည်း ကွာ ... ကိုယ့်သား အတွက်ပဲလေ။ ကိုယ့်သားတွေကို တန်းတူထားချင်တာ။ ခွန်း အတွက်လည်း အနက်တစ်စီး၊ သ အတွက်လည်း အဖြူတစ်စီး။ တတ်နိုင်သမျှ မျှမျှတတ ထားချင်တာ။ နှောင်းတို့ သားအမိကို အိမ်ကို ခေါ်သွားချင်ပေမဲ့ ... "

ဦးမိန့်တော်ဝင် စကားရပ်တန့် ထားလိုက်သည် ။ သော်တာက အတ္တကြီးသည် ။ သူ ဖောက်ပြန်မှန်းသာ သိရင် ဘယ်လိုမှ ခွင့်လွှတ်မည် မထင်။ မိဘပေးစားလို့ သော်တာ့ကို ယူလိုက်ရပေမဲ့ သူ့စိတ်က ငယ်ချစ်ဦးဆီ ခင်နှောင်းသွယ် ကိုသာ တွယ်ကပ်ငြိတွယ် နေလေသည် ။ သော်တာနဲ့ လက်ထပ်ပြီးမကြာ ... ငယ်ချစ်ဟောင်း နှောင်းနဲ့ ပြန်တွေ့ပြီး ဦးနှောက် တားနေတဲ့ ကြားက နှလုံးသားအလိုကို မလွန်ဆန်နိုင်ခဲ့ကြလို့ နှစ်ယောက်သား ငြိစွန်းကုန်ကြသည် ။

"မောင်...ဘာတွေ စဉ်းစားနေတာလဲ။ နှောင်းတို့ သားအမိကြောင့် တွေဝေနေပြီလား"

နှောင်း ဝမ်းနည်းစွာ ရေရွတ်လိုက်သည် ။

မောင့်ကို အရမ်းချစ်လွန်းလို့ မယားငယ်ဘဝ ရောက်ခဲ့ရပေမဲ့ နောင်တမရချင်ဘူး မောင်ရယ်။

အိပ်ရာဝင်ချိန်တိုင်း သားက မိသားစု စုံစုံလင်လင် နေချင်တယ် ပြောတဲ့ အခါ ဖြေမဆည်နိုင်ခဲ့တာ သူမပါ။

"မဟုတ်ပါဘူး ... နှောင်း ရယ်။ ဘယ်လိုတွေ ကြုံကြုံ နှောင်းတို့ သားအမိကို မောင် ထားမသွားဘူး စိတ်ချ"

"ဖေဖေ ... သားတို့ မွေးနေ့ကိတ် ခွဲရအောင်။ ဖြစ်နိုင်ရင် ကိုကို တို့ ကိုပါ ရှိစေချင်တာ။ ကိုကို့ ကို မြင်ဖူးချင်လိုက်တာဗျာ။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် ရှိတယ်ဆိုတာ သိပြီးကတည်းက တွေ့ဖူးချင်နေတာ"

"အင်းပါ သားရယ်။ သား ရဲ့ ကိုကိုလည်း သားကို ချစ်မှာ ပါ"

ပြောလိုက်ရပေမဲ့ ကိုယ့်သားအကြောင်း ကိုယ်သာ သိသည် ။ မိန့်ခွန်းဘုရင်က အမေနည်းတူပင် အတ္တအရမ်းကြီးသည် ။ မိန့်ခွန်းဘုရင်နဲ့ မင်းမိန့်သခင် မွေးရက်၊ မွေးလ တူသည် ။ သို့ပေမဲ့ ခွန်းက သ ထက် ၂နှစ်တိတိ ကြီးသည် ။ ခွန်းက တဇွတ်ထိုး ဆန်သလောက် သ က မျိုသိပ် သိမ်ငယ်လွန်းသည် ။

မိသားစု ၃ယောက် ပွဲ့ဖက်ပြီး အိမ်ထဲသို့ဝင်ရန် ခြေလှမ်း ပြင်လိုက်တာနဲ့ စင်အောက်ထဲသို့ ကားတစ်စီး ထိုးရပ်လာသည် ။ သူတို့ လည်း လှည့်ကြည့်လိုက်ကာ ကားပေါ်ကနေ ဆင်းလာတဲ့ သူကတော့ ဒေါ်ခွန်းဆင့်သော်တာ။ ဦးမိန့်တော်ဝင် တုန်လှုပ် ချောက်ချားသွားသည် ။

သူမ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ။

"ကိုမိန့် ... ဒါ ဘာတွေလဲ ... သူတို့ ကြောင့် သားရဲ့ မွေးနေ့ကိုတောင် ပြီးဆုံးအောင် အတူရှိမပေး နိုင်ဘူးပေါ့လေ။ အလောတကြီး ထွက်သွားတဲ့ ရှင့်ကို ကျွန်မ မယုံလို့ အနောက်ကနေ တိတ်တိတ်လေး လိုက်လာခဲ့တာ။ ရှင် ဖောက်ပြန်မှန်း လက်ပူးလက်ကြပ် မိပြီ။ ဘယ်လို ငြင်းမှာ လဲ"

"ကိုယ် မငြင်းပါဘူး ... သူတို့ က ကိုယ့်ရဲ့ ဇနီးနဲ့ သားပါ။ ခွင့်လွှတ်

ပေးဖို့ မတောင်းဆိုပါဘူး။ ကိုယ် မှားမှန်း သိပါတယ် ဒါပေမဲ့ ကိုယ် သူတို့ နှစ်ယောက်ကို ပစ်မသွားရက်ဘူး"

"ကိုမိန့် ... ကျွန်မရဲ့ ဒေါသကို လာမဆွနဲ့ နော်။ ကျွန်မနဲ့ ပြန်လိုက်ခဲ့ သူတို့ ကို လင်ခိုးမှုနဲ့ တရားစွဲ ထောင်ချပစ်မယ်။ နင်က ဘယ်လိုမိန်းမလဲ ကိုမိန့်မှာ ငါဆိုတဲ့ ဇနီးရှိတယ်ဆိုတာ မသိဘူးလား။ သိရက်နဲ့ ဖောက်ပြန် ကြတာလား ။ ကိုမိန့် ... ရှင်တို့ ဖောက်ပြန်ကြတာ ကလေး ဒီအရွယ်လောက် ရှိပြီပေါ့လေ။ လုပ်ရက်လိုက်ကြတာ"

ခွန်းဆင့်သော်တာ ဒေါသတကြီး အော်ပြောလိုက်သည် ။ ဒေါသ မျက်ရည်ပူတွေ ပါးထက် စီးကျလာသည် ။ ကျွန်မကို မကြင်နာနိုင်ရင် ဘာမှ မပြောဘူး ဒါပေမဲ့ ဖောက်ပြန်တာတော့ လက်မခံပေးနိုင်ဘူး ကိုမိန့်ရယ်။

"သော် မင်းရဲ့ စိတ်ကို ငြိမ်ငြိမ်လေး ထားပေးပါ။ ကိုယ်မင်းနဲ့ လက်မထပ်ခင် ကတည်းက သူက ကိုယ့်ရဲ့ ချစ်သူပါ။ မင်းကို မချစ်ပေမဲ့ ခင်ပွန်း တစ်ယောက်ရဲ့ တာဝန် ကျေပွန်ခဲ့တာပဲ။ အရာရာမင်းရဲ့ သဘောတိုင်း ဖြစ်ခဲ့တယ်။ အခုတော့ သူတို့ သားအမိကို နာကျင်အောင် မလုပ်ပါနဲ့လား"

ပြောရက်လိုက်တာ ကိုမိန့်ရယ်။ သူတို့ သားအမိကို နာကျင်အောင် မလုပ်ပါနဲ့ တဲ့ ။ ကျွန်မတို့ သားအမိမှာ ရော နာကျင်ခြင်း မရှိရဘူးတဲ့လား။ တာဝန်အရသာ ဖြည့်ဆည်း ပေးတယ်ဆိုရင် တာဝန်အရ ကျွန်မရဲ့ အနားမှာ ကိုမိန့် ဆက်နေပေးပါ။

"ကိုမိန့် ... သား ခွန်းလေးကို မကြည့်တော့ဘူးလား။ သူ့အဖေ ဖောက်ပြန်မှန်း သိရင် သူ ဘယ်လောက် နာကျင်ရမှာ လဲ။ သူတို့ သားအမိမှာ ပဲ ခံစားတတ်တာ မဟုတ်ဘူး ။ ကျွန်မတို့ လည်း ခံစားတ

တ်တယ်။ မရဘူး ... သော့် နောက်ကို လိုက်ခဲ့ရမယ်။ သူတို့ သားအမိနဲ့ အဆက်အသွယ် ဖြတ်လိုက်ပါ"

"သော် ... မင်း ရူးနေလား။ သူတို့ က ငါ့ရဲ့ သားမယားတွေလေ ဘယ်လို လျစ်လျူရှုလို့ ရမှာ လဲ။ သူတို့ မှာ မင်းလို ငွေကြေး ချမ်းသာမှုတွေ မရှိဘူး ဒါကြောင့် ငါထောက်ပံ့ပေးရမယ်။ ချစ်ခြင်းမေတ္တာ လုံလုံလောက်လောက် ပေးရမယ်"

"သူတို့ လိုနေတာ ငွေကြေးလား ရတယ်။ ကျွန်မရဲ့ ငွေတွေကို ခွဲဝေပေးမယ်။ ကိုမိန့် ကိုတော့ ကျွန်မ သူတို့ ကို မမျှဝေပေးနိုင်ဘူး"

"မင်း အတ္တကြီးမှန်း ငါသိတယ် သော်။ မင်း မိသားစုကို မပြိုကွဲစေချင်သလို နှောင်းလည်း သူ့မိသားစုကို ပြိုကွဲချင်မှာ မဟုတ်ဘူး "

"ကျွန်မ မသိဘူး ကျွန်မ သိတာ ... ကိုမိန့် ကျွန်မနဲ့ လိုက်ခဲ့ရမယ်"

"မောင် ... သူနဲ့ အရင် လိုက်သွားလိုက်ပါ။ နှောင်း တို့ သားအမိကို စိတ်မပူပါနဲ့ "

ခင်နှောင်းသွယ် တောင်းဆိုလိုက်သည် ။

မောင့်ရဲ့ တရားဝင် မိသားစုကို နှောင်းကြောင့် မပြိုကွဲစေချင်ပါ။ ဒါဟာ စစ်မှန်သော ကတိစကား။

"မောင် ... တဲ့ လား ရယ်ချင်စရာ ကောင်းလိုက်တာ။ သူများ ယောက်ျားကို မောင် တဲ့ ။ အရှက်ကို မရှိဘူး အေးပေါ့လေ လင်တရူးကိုး"

ဒေါ်ခွန်းဆင့်သော်တာ စကား ဆုံးပြီးပြီးချင်း "ဖြန်း" ဆိုသော အသံကြောင့် သူမ မျက်နှာ တစ်ခုလုံး ထူပူသွားသည် ။ ကိုမိန့် သူမကို ရိုက်လိုက်ခြင်းပင်။

"ကိုမိန့် ... ရှင် ကျွန်မကို ရိုက်တယ်"

"ငါ့ရှေ့မှာ သူ့ကို စော်ကားတဲ့ စကား ထပ်မပြောမိစေနဲ့ ။ မင်း ပြန် လိုက်တော့ ... မင်း အရင်ပြန်လိုက်တော့။ မင်းလိုချင်တာ ငါမဟုတ် လား။ အေး ... ငါ့ကို မင်းပိုင်ပေမဲ့ ငါ့နှလုံးသားက သူ့အတွက်ပဲဆိုတာ မင်း မြဲမြဲမှတ်ထား"

"ခွန်းဆင့်သော်တာ ဆိုတဲ့ ကျွန်မက လူတစ်ယောက်ကို နှစ်ခါပြန် မ ချစ်တတ်ဘူး။ ရှင့်ဘက်က ပြတ်သားရင်လည်း ကျွန်မလည်း တွယ်ကပ် နေမှာ မဟုတ်ဘူး ။ ရှင်တို့ သားအမိ

ဝင့်ပြန်မလည် ပါစေနဲ့ လို့ သာ ကြိုဆုတောင်းထား။ သူတစ်ပါး မိ သားစုကို ဖြိုခွဲတဲ့ မိန်းမက ဘယ်တော့မှ မိန်းမကောင်း မဖြစ်နိုင်ဘူးဆို တာ ရှင် သဘောပေါက် လာစေရမယ် မိန့်တော်ဝင်"

ခင်နှောင်းသွယ် တို့ သားအမိကို တစ်လှည့် မိန့်တော်ဝင်ကို တစ်လှ ည့် လက်ညှိုးထိုးပြီး ပြောကာ သူမ ကားကို အလျင်အမြန် မောင်းထွက် သွား လိုက်သည် ။

ခြံပြင်သို့ ရောက်ပြီးမကြာ "ဒိန်း ခြိမ်း" ဆိုတဲ့ ကားအက်စီးဒင့် ဖြစ် သံတစ်ခုခုကို ပီပြင်စွာ သူတို့ မိသားစု ၃ဦး ကြားလိုက်ရသည် ။ မကျေ ဘူး ... နှောင်ဘဝထိ မကျေဘူး။

ဒေါသအတ္တတွေနဲ့ ဒေါ်ခွန်းဆင့်သော်တာ တစ်ယောက် အငြိုးကြီးစွာ အမုန်းများ စွာဖြင့် ကြွေလွင့်သွား လေသည် ။

***

"သမုဒယရိပ်မြုံ" စံအိမ်ရဲ့ သခင်လေး ဖြစ်တည်လာခဲ့သော "မိန့်ခွန်းဘုရင်" ။

သူ့မှာ ကြင်နာခြင်းမရှိ၊ နှလုံးသားက ကျောက်ရုပ်ကြွင်းလို မာကျောသည် ။ ချမ်းသာ ကြွယ်ဝသည့်အပြင် ရုပ်ဆင်းအင်္ဂါ ပညာအရည်အချင်း ခန္ဓာ အသွင်အပြင်ကြောင့် မိန်းကလေးရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားသည် ။ သူကလည်း အတည်တကျ မတွဲ တစ်ယောက်ရိုးရင် တစ်ယောက်ပြောင်းတွဲသည် ။ မိန်းကလေးကိစ္စ ရှုပ်ပွေပေမဲ့ ပညာရေးမှာ ချို့ယွင်းချက် မရှိ။ ဘွဲ့ရပြီး အသက်၂၀မှာ စီးပွားရေးလုပ်ငန်း အပီအပြင် ကျွမ်းကျင်လာသည် ။ ၂၁နှစ်မှာ ပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ တဟုန်ထိုး ကျော်ကြားလာခဲ့သည် ။ မိခင် မရှိတော့ပေမဲ့ သူတစ်ကိုယ်တော် ကြံ့ကြံ့ခိုင် ရပ်တည်နိုင်ခဲ့သည် ။ ကြာလာတော့ နှလုံးသားကပါ မာကျောလာတဲ့ အထိပင် ။

သူ့မိခင် သေဆုံးခဲ့ရသည် မှာ ဒေါ်ခင်နှောင်းသွယ်နဲ့ မင်းမိန့်သခင် ပယောဂ မကင်းသလို ဒယ်ဒီလည်း အပြစ်ကင်းမှာ မဟုတ်မှန်း သူသိသည် ။ သူ့ရဲ့ အမုန်းအာဃာတ အငြိုးအတေးတွေ သူ့ကိုယ်ခန္ဓာမှာ စွဲကပ်ပူလောင် နေပေမဲ့ သူ ကျေနပ်သည် ။ လောင်ကျွမ်း ပါလိမ့်စေ။ သူ့အပူမီးတွေ သူတို့ အပေါ်ကို ကူးသွားစေရမယ်။ သူနာကျင်ခဲ့သလို သူတို့ လည်း ပြန်နာကျင် စေရမယ်။ မင်းမိန့်သခင် ... ငါ နာကျင်ခဲ့သလို မင်းလည်း အဆပေါင်းများ စွာ နာကျင်စေရမယ်။ မိန့်ခွန်းဘုရင် စီးကရက်ကို ဖွာပြီး သူ့မကျေနပ် ချက်တွေကို မီးခိုးငွေ့တွေနဲ့ အတူ လွင့်ပျံ့သွားစေ လိုက်သည် ။

***

သူ၏ ငယ်သူငယ်ချင်း ဖြစ်သူ နေဝန်းယံ အက်စီးဒင့်စ် တစ်ခုကြောင့် ဆေးရုံတက်နေ ရသည် ဟူ၍ မိန့်ခွန်းဘုရင် အလုပ်ကိစ္စ ပြီးသောအခါ ဆေးရုံသို့ ချက်ချင်း လိုက်လာခဲ့ လိုက်သည် ။ နေဝန်းယံ ရှိသည့်အခန်းကို သွားဖို့ ရန်အတွက် ... နံရံအကွယ် သူလည်း အဝင် ဟိုကလည်း အထွက် ... . တိုက်မိမလို ဖြစ်သွားကာ ချော်လဲမလို ဖြစ်နေတဲ့ သူမရဲ့ လက်ကို သူ ဆွဲယူလိုက်သည် ။ လူပ်ခါသွားတဲ့ ဆံနွယ် ရှည်ရှည်တွေက သူ့မျက်နှာပြင် တစ်ခုလုံးကို လွှမ်းမိုးသွား လေသည် ။ သူစိမ်း တစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ရောက်နေတဲ့ အသိစိတ်က မိန်းအလင်္ကာ ဆိုတဲ့ သူမကို ထူပူရှက်သွေးဖြာ စေခဲ့သည် ။ ချက်ချင်းပင် ... ထိုသူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည် ။ သို့ပေမဲ့ သူမ၏ ဆံနွယ်ရှည်နဲ့ ထိုသူ၏ အင်္ကျီကြယ်သီးမှာ ကပ်ငြိနေသောအခါ ထွက်ခွာသွားဖို့ မရ။ သူ့အရပ်က အရှည်ကြီးမို့ သူမ မော့မကြည့်ရဲ။ သူ့ရင်ဘတ်ပေါ်က ကိုယ့်ဆံပင် တွေကိုသာ အလျင်အမြန် ဖြုတ်ယူနေခဲ့သည် ။

"ဟော့ ... မြန်မြန် ဖြုတ်ပေးလေ ကိုယ့်မှာ အချိန်မရှိဘူး"

"ကျွန်မလည်း ဖြုတ်နေတာပဲလေ။ ရှင် မတွေ့ဘူးလား ... ကူဖြုတ်ပေးဖို့ ကျတော့ မစဉ်းစားဘူး ... "

"ဘာကွ ... မင်းပဲငါ့ကို ဝင်တိုက်သေးတယ်။ မင်း ချော်လဲကျမှာ စိုးလို့ လှမ်းဆွဲပေးတယ်။ အခုဟာတော့ မကူပေးနိုင်ဘူး။ ငါ့ဘဝမှာ ဆံပင်တွေကို အရွံဆုံးပဲ"

"ဘာ ... ဘယ်လို"

မိန်း ဒေါသထွက်မိပြီး သူ့ကို ပြန်မော့ကြည့် လိုက်သည် ။ မိန်း ၏ ဒေါသတွေ တစ်ဝက်လောက် ပြေကျသွားအောင် ညို့မျက်ဝန်း တစ်ခုက

စွဲဆောင် နေသလိုပင်။

ဒီလူ ... အဲ့လောက်ထိ ...

"ဟိတ် ... ဟေ့"

"ဟင် ... ဩော်"

သူ့အသံကြောင့် သူမ သတိပြန်ဝင်လာသည် ။

သူ့ကို ငေးမိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိခဲ့သည် ။

"ပြီးပြီလား ... "

မျက်မှောင်ကြုတ်ကာ ထိုသူက သူမကို စိတ်မရှည်စွာ ပြောလိုက်သောကြောင့်...

"ရှင် ... ဩော် ဟုတ်ကဲ့"

မိန့်ခွန်းဘုရင် သူမ ရှေ့က လှည့်ထွက် လာပြီး လှစ်ခနဲ ပြုံးခဲ့မိသည် ။ သူမနဲ့ ထိတွေ့ခဲ့တဲ့ သူ့ရဲ့ ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည် ။ သူမရဲ့ ဆံနွယ် အချို့တွေက သူ့အင်္ကျီပေါ်မှာ ကပ်ငြိတွယ် နေဆဲပါလား။ အဲဒီလိုပဲ သူမရဲ့ ပုံရိပ်တွေက သူ့ရင်ဘတ်ပေါ်မှာ စွဲထင်ကျန်ရစ် နေသလိုပင်။

ဟင့်အင်း။

သူ ခေါင်းကို လှုပ်ယမ်းကာ ခါထုတ်လိုက်သည် ။

မိန့်ခွန်းဘုရင် ... ဆိုတဲ့ ငါ့မှာ မင်းကိုချစ်ဖို့ နှလုံးသား မရှိဘူး မိန်းကလေးရယ်။

***